ယခု အချက်အလက်များကို (၂၀၂၅)ခုနှစ် ဩဂုတ်လတွင် နောက်ဆုံးပြုစုထားပါသည်။

# မိမိသဘောဆန္ဒအလျောက်ထွက်ခွာခြင်း–

## ကြုံတွေ့နိုင်သောအန္တရာယ်များ၊ အကျိုးကျေးဇူးများနှင့် (၂၀၂၅)ခုနှစ်တွင် ပြောင်းလဲမည့်အရာများ

မိမိသဘောဆန္ဒအလျောက်ထွက်ခွာခြင်းသည် အထောက်အထားမဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူများသည် လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များက ပြည်နှင်ဒဏ်ပေးခြင်းကြောင့် မဟုတ်ဘဲ **၎င်းတို့ကိုယ်တိုင် အမေရိကန်မှထွက်ခွာခွင့်ပြုပေးထားသည့် တရားဝင်နည်းလမ်းတစ်ခု** ဖြစ်သည်။ ဤနည်းလမ်းကိုအသုံးပြုရန် သင်စဉ်းစားနေပါက ၎င်းသည် ဘာကိုဆိုလိုသနည်း၊ မည်ကဲ့သို့ အန္တရာယ်ရှိသနည်း၊ ၎င်းကို မည်သို့တောင်းဆိုရမည်ကို ဦးစွာနားလည်ရန် အရေးကြီးပါသည်။

## မိမိသဘောဆန္ဒအလျောက်ထွက်ခွာခြင်းဆိုတာ ဘာလဲ။

မိမိသဘောဆန္ဒအလျောက်ထွက်ခွာခြင်းဆိုသည်မှာ **လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များက ပြည်နှင်ဒဏ်ပေးခြင်းကြောင့် မဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင် အမေရိကန်မှထွက်ခွာခွင့်ပြုပေးထားသည့် တရားဝင်နည်းလမ်းတစ်ခု** ဖြစ်ပါသည်။

### မိမိသဘောဆန္ဒအလျောက်ထွက်ခွာခြင်းအမျိုးအစားများ–

**1. ၁။ အမှုဆုံးဖြတ်ချက်မကျခင် –**

သင်၏ လူဝင်မှုကြီးကြပ်ရေးကိစ္စနှင့် ပတ်သက်၍ နောက်ဆုံး **ဆုံးဖြတ်ချက်မချမီ** သင့်ဆန္ဒအလျောက် ထွက်ခွာရန် တောင်းဆိုခြင်း။

ခွင့်ပြုချက်ရဖို့ **ပိုလွယ်တယ်။**

**2. ၂။ အမှုဆုံးဖြတ်ချက်ကျပြီးနောက်–**

သင်၏လူဝင်မှုကြီးကြပ်ရေးကိစ္စ **အဆုံးတွင်** မိမိဆန္ဒအလျောက်ထွက်ခွာရန် တောင်းဆိုခြင်း။ ဆိုလိုသည်မှာ များသောအားဖြင့် ထိုအချိန်တွင် တရားသူကြီးသည် သင့်အား အမေရိကန်တွင်နေထိုင်ခွင့်မပြုရန် ဆုံးဖြတ်ထားပြီး သင့်အား ဖယ်ရှားခြင်း (နေရပ်ပြန်ပို့ခြင်း) ကို အမိန့်ချပေးပြီးပြီဟု ဆိုလိုပါသည်။

**ခွင့်ပြုချက်ရဖို့က ပိုခက်တယ်။**

**အထက်ပါအခြေအနေ(၂)ခုစလုံးတွင် သင့်အမှုအား တရားရုံးတွင် ကြားနာစဉ်အတွင်း ခွင့်ပြုချက်ကို တရားသူကြီးထံမှ တိုက်ရိုက်တောင်းခံရမည်။** မိမိသဘောဆန္ဒအလျောက်ထွက်ခွာခွင့်ပြုချက်ကို ရရှိရန်အတွက် သင်သည်–

- လူဝင်မှုကြီးကြပ်ရေးစာရွက်စာတမ်းများမရှိဘဲ အမေရိကန်တွင် ရှိနေကြောင်း ဝန်ခံပါ။
- လူဝင်မှုကြီးကြပ်ရေးအကျိုးခံစားခွင့်အတွက် လျှောက်လွှာ သို့မဟုတ် အသနားခံလွှာကို ရုပ်သိမ်းပါ။(တင်ထားပြီးပါက)

## မိမိသဘောဆန္ဒအလျောက်ထွက်ခွာခွင့်ပြုချက်ကို ဘာလို့ တောင်းဆိုရမှာလဲ။

ခွင့်ပြုချက်ကို ရရှိပါက မိမိသဘောဆန္ဒအလျောက်ထွက်ခွာခြင်းသည် **သင့်မှတ်တမ်းတွင် ပြည်နှင်ဒဏ်အမိန့်ခံရဖူးကြောင်းကို မပေါ်စေရန် တားဆီးနိုင်သည်။** ၎င်းသည် အနာဂတ်တွင် ဗီဇာကဲ့သို့သော **လူဝင်မှုကြီးကြပ်ရေးအကျိုးခံစားခွင့်များအတွက် လျှောက်ထားရန် ပိုမိုလွယ်ကူစေမည်ဖြစ်သည်။**

သို့သော်လည်း မိမိသဘောဆန္ဒအလျောက်ထွက်ခွာခြင်းသည် သင်၏ **အနာဂတ် လူဝင်မှုကြီးကြပ်ရေးကိစ္စများအတွက် ဆိုးရွားသောအကျိုးဆက်များလည်း** ရှိလာနိုင်သည်။ ထိုအန္တရာယ်အချို့ကို နားလည်ရန် ဆက်လက်ဖတ်ရှုပါ။

## ကြုံတွေ့နိုင်သောအန္တရာယ်များက ဘာတွေလဲ။

၁။ အကယ်၍ သင်သည် တရားဝင်စာရွက်စာတမ်းများမရှိဘဲ အမေရိကန်တွင် တစ်နှစ်ကျော်နေပါက မိမိဆန္ဒအလျောက်ထွက်ခွာပါက **အမေရိကန်သို့ (၁၀)နှစ်အတွင်း ပြန်မလာနိုင်အောင် ပိတ်ပင်မှုကို** ဖြစ်ပေါ်စေနိုင်သည်။ မှတ်ချက်– ၎င်းသည် အရွယ်မရောက်သေးသူများနှင့် မသက်ဆိုင်ပါ။ အကယ်၍ သင်သည် (၁၈) နှစ်မပြည့်မီ အမေရိကန်မှထွက်ခွာပါက သင်သည် ဥပဒေမဲ့နေထိုင်သည်ဟု သက်ရောက်မည်မဟုတ်ပါ။

၂။ ခိုလှုံခွင့်လျှောက်ထားရန် သို့မဟုတ် အခြားတရားဝင်ကာကွယ်မှုများအတွက် သင့်အခွင့်အရေးကို စွန့်လွှတ်ရပါမည်။

၃။ ကိစ္စအများစုတွင် သင်၏ မူရင်းနိုင်ငံသို့ ပြန်ရန်ခရီးစဉ်အတွက် ကုန်ကျစရိတ်ကို မိမိဘာသာ ပေးဆောင်ရန် လိုအပ်ပါသည်။

၄။ အချိန်မီ မထွက်ခွာပါက သင်သည် **တစ်ရက်လျှင် ဒေါ်လာ (၉၉၈)အထိ** ဒဏ်ရိုက်ခံရနိုင်ပြီး **အမေရိကန်သို့ ပြန်လည်ဝင်ရောက်ခြင်းမှ တားမြစ်ခံရနိုင်သည်။**

## မိမိကိုကိုယ်ပြန်ပို့ခြင်း နှင့် မိမိသဘောဆန္ဒအလျောက်ထွက်ခွာခြင်း

သတိထား! ဤအသုံးအနှုန်းနှစ်ခုသည် ဆင်တူသည်ဟု ထင်ရသော်လည်း **၎င်းတို့သည် တူညီသောအရာမဟုတ်ပေ။**

**မိကိုကိုယ် ပြန်ပို့ခြင်းသည် အလွတ်သဘော အသုံးအနှုန်း**ဖြစ်သည်။ **တရားသူကြီးတစ်ဦးထံမှ ခွင့်ပြုချက်မရဘဲ သင်ကိုယ်တိုင် အမေရိကန်မှ ထွက်ခွာသွားခြင်းကို** ဆိုလိုသည်။ မိမိကိုယ်မိမိ ပြန်ပို့ခြင်းသည် မိမိဆန္ဒအလျောက် ထွက်ခွာခြင်းကဲ့သို့ တူညီသော **အန္တရာယ်**များစွာရှိနိုင်သည်။ ထိုအန္တရာယ်များသာမက သင်၏မှတ်တမ်းတွင် ပြည်နှင်ခံခဲ့ရသည်ဟူသော မှတ်တမ်း ပါသွားနိုင်ပါသည်။

**VS**

**မိမိသဘောဆန္ဒအလျောက်ထွက်ခွာခြင်းသည် လူဝင်မှုကြီးကြပ်ရေးတရားသူကြီးမှ အတည်ပြုထားသော တရားဝင်လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း** သတိရပါ။ သတ်မှတ်ထားသော အချိန်အတွင်း ထွက်ခွာပြီး လိုအပ်ချက်များနှင့် ကိုက်ညီရပါမည်။ သင်သည် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါက သင့်မှတ်တမ်းတွင် ပြည်နှင်ဒဏ်အမိန့်မှတ်တမ်းပါသွားခြင်းကို ရှောင်ကြဉ်နိုင် ပါသည်။

## (၂၀၂၅) ခုနှစ်မှာ ဘာအသစ်တွေရှိလဲ။

(၂၀၂၅)ခုနှစ် မေလ (၅) ရက်နေ့တွင် သမ္မတထရန့်သည် CBP Home App မှတဆင့် **မိမိကိုယ်မိမိ ပြန်ပို့ခြင်းအစီအစဉ်အသစ်**ကို ကြေငြာခဲ့သည်။ စာရွက်စာတမ်းမရှိသော ရွှေ့ပြောင်းနေထိုင်သူများသည် 'ထွက်ခွာရန်ရည်ရွယ်ချက်' ဖောင်ကို CBP Home App မှတဆင့် တင်နိုင်ပါသည်။

**သတိပေးချက်။** ဤပရိုဂရမ်သည် ဒေါ်လာ (၁,၀၀၀)ထောက်ပံ့ကြေး၊ ခရီးသွားစရိတ်များ ကူညီပေးရန်နှင့် ကိုယ်တိုင်ပြန်လိုသူများအတွက် (အမေရိကန်နိုင်ငံမှ ထွက်ခွာလိုသူများအတွက်) တရားဥပဒေစိုးမိုးရေး(ထိန်းသိမ်းခြင်းကဲ့သို့)အမိန့်ချခြင်းများကို ခေတ္တရပ်ထားမည်ဟု **ဆိုပါသည်။** သို့သော်လည်း ဒေါ်လာ(၁,၀၀၀) ပေးမည်၊ အမေရိကန်မှ ထွက်ခွာခြင်းကို ဘေးကင်းပြီး လူသားဆန်သောနည်းလမ်းဖြင့် ကိုင်တွယ်မည်ဟု **ဥပဒေကြောင်းအရ အာမခံချက်မရှိပါ။**

**အရေးကြီးသောမှတ်ချက်–** 'မိမိသဘောဆန္ဒအလျောက်ထွက်ခွာခြင်း' ဟူသော စကားလုံးများကို သင်တွေ့မည်ဖြစ်သော်လည်း **ဤအစီအစဉ်သည် မိမိကိုယ်ကို ပြန်ပို့ခြင်းပုံစံတစ်ခုဖြစ်သည်။** ဤအစီအစဉ်သည် လူဝင်မှုကြီးကြပ်ရေးတရားသူကြီးမှပေးသော ထုံးထမ်းအစဉ်အလာအရ ဆန္ဒအလျောက်ထွက်ခွာခြင်းနှင့် မတူပါ။

ဤလုပ်ငန်းစဉ်သည် **တရားဝင်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာအကျိုးခံစားခွင့်မဟုတ်သည့်**အပြင် **အနာဂတ်တွင် သင်၏အမေရိကန်သို့ ပြန်လာနိုင်မှုကို အကာအကွယ်ပေးမည်မဟုတ်ပါ။**

## သင်ဘာလုပ်သင့်သလဲ။

မိမိကိုကိုယ်ပြန်ပို့ခြင်း နှင့် မိမိသဘောဆန္ဒအလျောက်ထွက်ခွာခြင်းတို့နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်မချမီ **လူဝင်မှုကြီးကြပ်ရေးရှေ့နေနှင့် ဆွေးနွေးပါ။** ရှေ့နေတစ်ဦးသည် သင့်အခွင့်အရေးများကိုနားလည်ရန်နှင့် မိမိသဘောဆန္ဒအလျောက်ထွက်ခွာသွားခြင်းသည် သင့်လူဝင်မှုကြီးကြပ်ရေးကိစ္စအပေါ် မည်သို့အကျိုးသက်ရောက်နိုင်သည်ကို နားလည်ရန် ကူညီပေးနိုင်ပါသည်။

- **မှတ်ချက်–** ရှေ့နေနှင့် ဦးစွာစကားပြောခြင်းမရှိဘဲ မည်သည့်အရာကိုမျှ လက်မှတ်မထိုးပါနှင့်။
- သင့်အခွင့်အရေးကို သိပါ။ သင့်တွင် နှုတ်ဆိတ်နေနိုင်ခွင့်နှင့် ဥပဒေအကြံပေးလုပ်ပိုင်ခွင့်များ ရှိကြောင်း သတိရပါ။

ImportaMí

ဤစာမျက်နှာသည် ယေဘူယျအချက်အလက်များကို ပေးဆောင်ပြီး တရားရေးဆိုင်ရာ အကြံပြုချက်အဖြစ် မယူဆသင့်ပါ။

INTERNATIONAL RESCUE COMMITTEE